ပဏ္ဍိတ ဖွံ့ဖြိုးရေး အင်စတီကျု
PANDITA DEVELOPMENT INSTITUTE

DEMOCRACY
REPORTING
INTERNATIONAL

# ရွေးကောက်ပွဲစောင့်ကြည့်ခြင်းတွင် ပါတီစွဲကင်းခြင်း ဆိုသည် ဘာလဲ။

မြန်မာနိုင်ငံတွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို ပြင်ဆင်လျက်ရှိသည်နှင့်အညီ လူထုအခြေပြုအဖွဲ့အစည်း တော်တော်များများကလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ချိတ်ဆက်ပါဝင်လျက် ရှိနေပါသည်။ အဆိုပါ အဖွဲ့အစည်း များသည် မဲဆန္ဒရှင်ပညာပေးခြင်းများ၊ မဲဆန္ဒရှင်များအား လက်တွဲခေါ်ယူခြင်းများ၊ ရွေးကောက်ပွဲအကြောင်းနှင့် ရွေးကောက်ပွဲစောင့်ကြည့်ခြင်းအား လုပ်ကိုင်ခြင်းများနှင့် ပတ်သက်သော အသိအမြင်များ မြှင့်တင်ပေးခြင်းများကို လုပ်ကိုင်ကြမည် ဖြစ်ပါသည်။

နိုင်ငံသားများနှင့် အဖွဲ့အစည်းများသည် ရွေးကောက်ပွဲမတိုင်မီနှစ်ကြမှသာ နိုင်ငံရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် များကို ပိုမိုစိတ်ဝင်စားလာတတ်ကြသည်မှာ သဘာဝဖြစ်ပါသည်။ အချို့အဖွဲ့အစည်းများသည် အတိတ်က နိုင်ငံရေးအရ တက်တက်ကြွကြွရှိခဲ့သူများဖြစ်ပြီး၊ အချို့သည် ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီများကိုပင် ထောက်ခံပံ့ပိုးခဲ့ကြသူများဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် နိုင်ငံသားများပါဝင်ခြင်းမှာ ယခုမှ စတင်ဖွံ့ဖြိုးလာကာစပင် ရှိပါသေးသည်။ ထို့ကြောင့်ပင် နိုင်ငံသားများပါဝင်သော အဖွဲ့အစည်းများ ပါတီစွဲကင်းရန်ဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုမှုများနှင့် ပတ်သက်၍ စကားအချေအတင် ဆွေးနွေးမှုများစွာ ရှိနေပါသည်။ အထူးသဖြင့် ဤသို့အချေအတင် ဆွေးနွေးမှုများသည် ရွေးကောက်ပွဲကို စောင့်ကြည့်သည့်အဖွဲ့များ၊ ရွေးကောက်ပွဲစောင့်ကြည့်သူအဖြစ် တရားဝင်မှတ်ပုံတင်လျှောက်ထားမည့် အဖွဲ့များကြားတွင် ပိုမိုလှုပ်လှုပ်ရှားရှား ဖြစ်ပေါ်လျက်ရှိပါသည်။

## ပါတီစွဲကင်းခြင်းဆိုသည် ဘာလဲ။

ပါတီစွဲကင်းခြင်းဆိုသည်ကို နည်းလမ်းအမျိုးမျိုးဖြင့် အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။

ဥပမာအားဖြင့် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

- သတ်သတ်မှတ်မှတ် ပါတီတစ်ခု၏ မူဝါဒများအပေါ် ထောက်ခံမှုမပြုခြင်း
- ပါတီတစ်ခု၏ တရားဝင်လက်အောက်ခံမဟုတ်ခြင်း (ပါတီတစ်ခုက ဖွဲ့စည်းပေးထားခြင်းမျိုး)
- လက်ရှိပါတီတစ်ခု သို့မဟုတ် လှုပ်ရှားမှုမရှိတော့ သော ပါတီတစ်ခုမှ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို စောင့်ကြည့်သူအဖြစ် လက်မခံခြင်း
- ပါတီတစ်ခုမှ ပုဂ္ဂိုလ်များ၏ ဦးဆောင်မှုမခံယူခြင်း
- ပါတီတစ်ခုအတွက် စည်းရုံးမဲဆွယ်ခြင်းနှင့် ပါတီ၏အမှတ်တံဆိပ်သင်္ကေတများ ကိုင်ဆောင်ခြင်းများ မပြုခြင်း
- ရွေးကောက်ပွဲစောင့်ကြည့်ခြင်းတွင် ပါဝင်သူ မည်သူ့ကိုမျှ နိုင်ငံရေးစည်းရုံးမဲဆွယ်မှုတွင်သော်လည်းကောင်း၊ ပါတီတစ်ခုတွင် လည်းကောင်း ပါဝင်ခွင့်မပြုခြင်း
- အစည်းအဝေးများ၊ ပွဲများတွင် ပါတီများကို ဖိတ်ကြားခြင်းမပြုခြင်း
- ပါတီတစ်ခုနှင့်မျှ ဆက်သွယ်ခြင်းမပြုခြင်း

**မြန်မာနိုင်ငံ၏ ကိစ္စရပ်တွင် ပါတီစွဲကင်းခြင်းဆိုသည်ကို သင်မည်သို့ထင်မြင်ပါသလဲ။**

## ပါတီစွဲကင်းခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်ခြင်း စံသတ်မှတ်ချက်များတွင် မည်သို့ ဆိုသနည်း။

လူထုအခြေပြုအဖွဲ့အစည်းများ၏ ရွေးကောက်ပွဲစောင့်ကြည့်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတကာ စံသတ်မှတ်ချက်များကို ဖော်ပြထားသောအရေးပါသည့် စာအုပ်တစ်ခုမှာ Declaration of Global Principles for Nonpartisan Election Observation and Monitoring by Citizen Organizations (DoP) and the Code of Conduct for Non-partisan Citizen Election Observers and Monitors ဖြစ်ပါသည်။

## ပါတီစွဲကင်းသော ရွေးကောက်ပွဲစောင့်ကြည့်ခြင်း၏ အရေးကြီးပုံ

ပါတီစွဲကင်းသောရွေးကောက်ပွဲ စောင့်ကြည့်ခြင်းသည် နိုင်ငံရေးပါတီများက လုပ်ဆောင်သော ရွေးကောက်ပွဲစောင့်ကြည့်ခြင်းထက် မတူကွဲပြားသော အခန်းကဏ္ဍတစ်ခု ရှိနေသည်ဟု ကျယ်ကျယ်ပြန့်ပြန့် သဘောတူထားမှု ရှိပါသည်။

> ရွေးကောက်ပွဲစီမံအုပ်ချုပ်ခြင်းနှင့် ရွေးကောက်ပွဲ၏ အခြားသောလုပ်ငန်းများကို လွတ်လပ်စွာစောင့်ကြည့်ခြင်းတွင် ပါတီစွဲကင်းသော စောင့်ကြည့်ခြင်းနှင့် နိုင်ငံသားများ၏ အဖွဲ့အစည်းများက ရွေးကောက်ပွဲစောင့်ကြည့် ခြင်းများပါဝင်သည်။ နိုင်ငံသားများ၏ အဖွဲ့အစည်းများ က ရွေးကောက်ပွဲစောင့်ကြည့်ခြင်းသည် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် ၎င်းတို့၏ အေးဂျင့်များက တရားဥပဒေရှုဒေါင့်မှ သုံးသပ်ခြင်း၊ စောင့်ကြည့်ခြင်းများနှင့် ခြားနားပါသည်။ (DoP)

## ပါတီစွဲကင်းသော စောင့်ကြည့်သူများသည် မည်သည့်ပါတီကိုမျှ မျက်နှာသာပေးခြင်းမရှိ

ရွေးကောက်ပွဲစောင့်ကြည့်သူများသည် မည်သည့်ကိုယ်စားလှယ်လောင်း သို့မဟုတ် နိုင်ငံရေးပါတီတစ်ခု ဖက်မှသော်လည်းကောင်း၊ ၎င်းတို့ကိုဆန့်ကျင်မှုနှင့် ပတ်သက်၍လည်းကောင်း သဘောထားများ ထုတ်ဖော်ခြင်းမပြုသင့်ပေ။

> ပါတီစွဲကင်းသော ရွေးကောက်ပွဲစောင့်ကြည့်ခြင်းနှင့် နိုင်ငံသားများပါဝင်သော အဖွဲ့အစည်းများ၏ စောင့်ကြည့်ခြင်းတို့သည် နိုင်ငံရေးပါတီများနှင့်ပတ်သက်ပြီး ဘက်လိုက်မှု မရှိပေ... [စောင့်ကြည့်သူများအနေဖြင့်] ရွေးကောက်ပွဲမှ ထွက်ပေါ်လာချက်များသည် စစ်မှန်သော ဒီမိုကရေစီ လုပ်ငန်းစဉ်၏ ရလဒ်များနှင့်

## မည်သည့်ပါတီထံကမျှ ရန်ပုံငွေမယူခြင်း

ရွေးကောက်ပွဲစောင့်ကြည့်သူများသည် ၎င်းတို့၏ရန်ပုံငွေနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိသင့်ပြီး နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းများထံမှ မည်သည့်ရန်ပုံငွမှ လက်မခံသင့်ပေ။ နိုင်ငံသားတစ်ဦးတွင် ပါတီစွဲကင်းမှုဖြစ်စေရန် အတားအဆီးဖြစ်နေသည့် နိုင်ငံရေးအရလည်းကောင်း၊ စီးပွားရေးအရလည်းကောင်း အကျိုးစီးပွားများရှိနေပါက ထိုနိုင်ငံသားအား ရွေးကောက်ပွဲစောင့်ကြည့်သူအဖြစ် ခွင့်မပြုသင့်ပေ။ နိုင်ငံရေးပါတီများက မျက်နှာသာပေးလာမှုမှန်သမျှကို ငြင်းပယ်ရမည်။

## နိုင်ငံရေးအရ လုပ်ဆောင်မှုများ မရှိခြင်း

ရွေးကောက်ပွဲစောင့်ကြည့်သူများသည် မဲဆန္ဒရှင်များ၏ ရွေးချယ်မှုတွင် သက်ရောက်မှု ရှိစေမည့် ပါတီတစ်ခုခုဖက် တွင် ရပ်တည်သော လုပ်ဆောင်မှုများ၌ မပါဝင်သင့်ပေ။ ရွေးကောက်ပွဲစောင့်ကြည့်ခြင်းအတွက် ကျမ်းကျိန်ခြင်းအရ ရွေးကောက်ပွဲစောင့်ကြည့်သူများသည် လာမည့်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်း သို့မဟုတ် ပါတီတစ်ခုအတွက် လုပ်ဆောင်ပေးသူ မဖြစ်နိုင်ပေ။

## ပါတီစွဲကင်းသော ရွေးကောက်ပွဲစောင့်ကြည့်ခြင်းတွင် လုပ်ဆောင်ချက်များ

လွန်ခဲ့သည့်နှစ် (၃၀) အတွင်း ပါတီစွဲကင်းသောရွေးကောက်ပွဲစောင့်ကြည့်ခြင်းများ၌ ကမ္ဘာတစ်ဝှမ်းရှိ ရွေးကောက်ပွဲစောင့်ကြည့်သော အဖွဲ့အစည်းများက အောက်ပါလုပ်ဆောင်ဖွယ်ရာများကို ချမှတ်ကျင့်သုံးခဲ့ကြပါသည် -

- **ခေါင်းဆောင်နှင့် ဝန်ထမ်းများ** - ရွေးကောက်ပွဲ စောင့်ကြည့်သည့် အဖွဲ့အစည်းမှ ခေါင်းဆောင်များနှင့် ဝန်ထမ်းများသည် ပါတီတစ်ခုခု၏အဖွဲ့ဝင် (တက်ကြွသော အဖွဲ့ဝင်ဖြစ်စေ ၊ သာမန်အဖွဲ့ဝင်ဖြစ်စေ) အဖြစ်မှ နုတ်ထွက်ရမည်။
- **ခေါင်းဆောင်၊ ဝန်ထမ်းနှင့် တစ်ဦးချင်း စောင့်ကြည့်သူများ** - ခေါင်းဆောင်၊ ဝန်ထမ်းနှင့် တစ်ဦးချင်း စောင့်ကြည့်သူများသည် ပါတီစည်းရုံးလှုံ့ဆော်ပွဲများတွင် ပါဝင်ခြင်း သို့မဟုတ် ပါတီအမှတ်တံဆိပ်မှန်သမျှ ဝတ်ဆင်ခြင်းမပြုရ။
- **ပါတီအဖွဲ့ဝင်** - ပါတီအဖွဲ့ဝင်များမှာ တစ်ခါတစ်ရံ အများပြည်သူသိရှိရန် သတင်းထုတ်ပြန်လေ့မရှိပေ။ ထို့ကြောင့် အဖွဲ့အစည်းများကလည်း ၎င်းတို့၏ အရင်းအမြစ်များ ခန့်ထားရာတွင် ကျင့်ဝတ်ချိုးဖောက် ခြင်း မပြုလိုကြခြင်းကြောင်း တစ်စုံတစ်ဦးသည် ပါတီအဖွဲ့ဝင် ဟုတ်၊ မဟုတ် စဉ်းစား ဆုံးဖြတ်ကြရပါ သည်။
- **လူတိုင်း** - စောင့်ကြည့်သူများအဖြစ် အဖွဲ့အစည်းတွင် ပါဝင်မည့် လူတိုင်းသည် မိမိတို့ ကိုယ်စားလှယ်လောင်း၊ ပါတီတစ်ခုမှ တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် တက်ကြွသော အဖွဲ့ဝင်မဟုတ်ကြောင်း ကြေငြာရမည်။ စောင့်ကြည့်သူတိုင်း - စောင့်ကြည့်သူတိုင်းသည် မည်သည့်နည်းနှင့်မျှ ပါတီတစ်ခု ကိုယ်စားပြုမှု ကျင့်ကြံခြင်းမပြုရပေ။ ၎င်းတို့သည် မဲဆန္ဒရှင်များအပေါ် ပါတီတစ်ခုဖက်မှ ထောက်ခံပြောဆိုခြင်း၊ ပါတီတစ်ခုမှ ညွှန်ကြားချက်များ လက်ခံခြင်း၊ မျက်နှာသာပေးခြင်းများ လက်ခံခြင်းများ မပြုရပေ။ သို့မဟုတ်ပဲ အဖွဲ့အစည်းခေါင်းဆောင်ပိုင်းနှင့် ဝန်ထမ်းများက တွေ့ရှိသွားပါက စောင့်ကြည့်သူအဖြစ် အသိအမှတ် ပြုထားမှုကို ရုတ်သိမ်းသင့်ပါသည်။
- **အုပ်စုလိုက်ခန့်ထားခြင်း** - အုပ်စုလိုက်ခန့်ထားခြင်းကို လက်မခံပေ။ တစ်ခါတစ်ရံ နိုင်ငံရေးပါတီများသည် ၎င်းတို့၏ အဖွဲ့ဝင်များကို စောင့်ကြည့်သူအဖြစ် လျှောက်ထားပြီး အဖွဲ့အတွင်းသို့ စိမ့်ဝင်ထိုးဖောက်ရန် ကြိုးစားမှု ရှိနိုင်ပါသည်။ တစ်ဦးတစ်ယောက်ချင်း လျှောက်ထားလာမှုကို ကာကွယ်ရန် မလွယ်ကူသော်လည်း၊ လူအုပ်စုလိုက် လျှောက်ထားလာမှုကို လက်ခံရရှိလာပါက၊ ၎င်းတို့ မည်သည့် မူလအဖွဲ့မှ လာသည်ကို စစ်ဆေးသင့်ပါသည်။

## ပါတီစွဲကင်းရန် အဘယ်ကြောင့် အရေးကြီးသနည်း။

အဖြေမှာ ရိုးရိုးလေးပင်ဖြစ်ပါသည်။ ရွေးကောက်ပွဲစောင့်ကြည့်သည့်အဖွဲ့အစည်းများသည် ပါတီစွဲကင်းသင့်သည်ဟု ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရည်မှန်းချက်ပန်းတိုင်မှာ တတိယအဖွဲ့များမှ လူတိုင်းလက်ခံသည့် လွတ်လပ်သော အစီရင်ခံစာများပေးခြင်းဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ် ပိုမိုအားကောင်း လာစေရန်ဟူ၍ ဖြစ်သောကြောင့် ဖြစ်သည်။ အကယ်၍ စောင့်ကြည့်သည့် အဖွဲ့များ ပါတီဘက်လိုက်မှု ရှိပါက၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ပါဝင်သူအားလုံး၏ ယုံကြည်မှုကို ရနိုင်လိမ့်မည်မဟုတ်ပေ။

**ပါတီစွဲကင်းရန် အရေးကြီးသည်ဟု သင်ထင်ပါသလား။**

*ဤပုံနှိပ်ထုတ်ဝေမှုသည် ဥရောပသမဂ္ဂ၏ ရန်ပုံငွေအထောက်အပံ့ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။*